


VOLUME I, ISSUE 6 — 6 January 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံသူများအတွက် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးနိုင်မည့် ဝန်ဆောင်မှုစနစ် (DICA Online Solution – DOSo)အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ | ၁ |
| ၂ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၂ |
| ၃ | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်သုံးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၅ သန်းကျော်ရရှိ | ၃ |
| ၄ | ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ | ၄ |
| ၅ | တရားမဝင်ကုန်ပစ္စည်းများဖမ်းဆီးရမိ | ၆ |
| ၆ | ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ဘိန်းစိုက်ခင်း ၂၀၈ ဧက ဖျက်ဆီး | ၇ |
| ၇ | မြိုင်မြို့နယ်၊ စိုကန်ကျေးရွာရှိ “စိုကန်”ဘုန်းကြီးကျောင်းဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ကာ ဘုန်းကြီးကျောင်းပိုင် မော်တော်ယာဉ်အား ဖောက်ခွဲဖျက်ဆီး | ၉ |

# Information Sheet

## ရင်းနှီးမြှုပ်နှံသူများအတွက် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးနိုင်မည့် ဝန်ဆောင်မှုစနစ် (DICA Online Solution – DOSo) အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ



ရင်းနှီးမြှုပ်နှံသူများအတွက် လူကိုယ်တိုင်လာရောက်စရာမလိုဘဲ အွန်လိုင်းမှ တစ်ဆင့်တွေ့ဆုံဆွေးနွေးနိုင်မည့်အစီအစဉ် (DICA Online Solution – DOSo)ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါစနစ်နှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်လျက်ရှိကြသည့် ရင်းနှီးမြှုပ်နှံသူများက သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ တာဝန်ရှိသူများနှင့် ဆွေးနွေးမေးမြန်း၍ အကြံဉာဏ်ယူခြင်းနှင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အကူအညီရယူလိုသည့် ကိစ္စများအတွက်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များကို စုံစမ်းမေးမြန်းမှုများကိုလည်းကောင်း လူကိုယ်တိုင်လာရောက်စရာမလိုဘဲ အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည့် ဝန်ဆောင်မှုစနစ် (DICA Online Solution – DOSo) ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၆-၁-၂၀၂၂)**

- **ရင်းနှီးမြှုပ်နှံသူများက သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ တာဝန်ရှိသူများနှင့် ဆွေးနွေးမေးမြန်း၍ အကြံဉာဏ်ယူခြင်းနှင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အကူအညီရယူလိုသည့် ကိစ္စများအတွက်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များကို စုံစမ်းမေးမြန်းမှုများကိုလည်းကောင်း လူကိုယ်တိုင်လာရောက်စရာမလိုဘဲ အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည့် ဝန်ဆောင်မှုစနစ် (DICA Online Solution – DOSo) ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ




**အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ထိုးနှံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူ စုစုပေါင်း ၁၇၀,၀၇၂ ဦးအားလည်းကောင်း၊ ပထမအကြိမ် အဖြစ် ပြည်သူစုစုပေါင်း ၁၄,၅၅၉ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဇန်နဝါရီလ ၅ ရက်တွင် ဒုတိယ အကြိမ်အဖြစ် ၂,၅၀၉ ဦးအားလည်းကောင်း၊ ပထမအကြိမ် အဖြစ် ၁,၂၂၉ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံ ပေးခဲ့ပြီး ဇန်နဝါရီလ ၅ ရက်အထိ ကျောင်းသား/သူစုစု ပေါင်း ၁,၅၀၆,၉၈၇ ဦးကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်း၌ ရပ်ဝေး/နီးပြည်သူများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ စုပေါင်းအလှူငွေသိန်း ၁,၁၀၀ ကျပ်ဖြင့် တည်ဆောက်ခဲ့ သော အောက်ဆီဂျင်စက်ရုံကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဇန်နဝါရီလ ၅ ရက်တွင် ဖွင့် လှစ်ပေးခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက် ရှိရာ ဇန်နဝါရီလ ၅ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁,၁၈၅ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၃ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၁၉ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၅-၁-၂၀၂၂ ရက် အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၀၈၇,၆၃၂ ခု အား စစ်ဆေးခဲ့ ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၁,၄၃၂ ဦးနှင့် သေဆုံးသူစုစု ပေါင်း ၁၉,၂၈၂ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁-၂၀၂၂)**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံပေးနေမှု

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၇၀,၀၇၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၄,၅၅၉ ဦးအားလည်းကောင်း ကာကွယ်ဆေး ထိုးနှံပေးခဲ့။
- ၅-၁-၂၀၂၂ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၅၀၆,၉၈၇ ဦးကာကွယ်ဆေး ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ၅-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၀၈၇,၆၃၂ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၁,၄၃၂ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၈၂ ဦးဖြစ်ပြီး ၅-၁-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၁၉ ရာခိုင်နှုန်းရှိ။

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်သုံးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၅ သန်းကျော်ရရှိ



ငါး၊ ပုစွန်နှင့် အခြားရေထွက်ကုန်များကို ပြည်ပနိုင်ငံပေါင်း ၄၀ ကျော်သို့ ပုံမှန်တင်ပို့လျက်ရှိရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်စ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တင်ပို့

မှုမှ အမေရိကန်ဒေါ်လာ ၂၃၅ သန်းကျော်ရရှိခဲ့ပါသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ–

- ပြည်ပသို့ ငါး၊ ပုစွန်နှင့် အခြားရေထွက်ကုန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန်ချိန် ၆၁,၀၅၅.၀၇၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၃၂.၀၇၈ သန်းရရှိခဲ့။
- နယ်စပ်ကုန်သွယ်ရေးမှ မက်ထရစ်တန်ချိန် ၉၄,၅၄၁.၀၂၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၀၃.၄၄၆ သန်းရရှိခဲ့။
- စုစုပေါင်း မက်ထရစ်တန်ချိန် ၁၅၅,၅၉၆.၁၀၆ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၂၃၅.၅၂၄ သန်းရရှိခဲ့။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ငါး၊ ပုစွန်ရေထွက်ကုန်တင်ပို့မှုမှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်သုံးလတာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၃၅.၁၆၂ သန်းသာ ရရှိသည့်အတွက် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၀.၃၆၂ သန်း ပိုမိုရရှိခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆–၁–၂၀၂၂)**

- **၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်စ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုအနေဖြင့် စုစုပေါင်းမက်ထရစ်တန်ချိန် ၁၅၅,၅၉၆.၁၀၆ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၂၃၅.၅၂၄ သန်း ရရှိခဲ့။**
- **ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ငါး၊ ပုစွန်ရေထွက်ကုန်တင်ပို့မှုမှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၃၅.၁၆၂ သန်းသာရရှိသည့်အတွက် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၀.၃၆၂ သန်း ပိုမိုရရှိခဲ့။**

## ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ



**ပင်လုံမြို့တွင် ငွေကျပ် သိန်း ၄,၇၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို တရားခံနှင့်အတူ ဖမ်းဆီးရမိမှု**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးမှုများအား အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အောက်ပါအတိုင်း ဖမ်းဆီးရမိခဲ့ပါသည်–

- ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဘိန်း ၄၄၁.၁၂၈ ကီလို၊ ဘိန်းဖြူ ၂၆၇.၃၄၅၈၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆,၈၆၁,၂၀၄ ပြား၊ စိတ်ကြွအကြေ ၀.၀၁၅ ကီလို၊ အိုက်စ် ၂၂၅.၀၇၇၉၃ ကီလို၊






**ကျောက်ဆည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့တွင် ငွေကျပ်တစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို တရားခံများနှင့်အတူ သိမ်းဆည်းရမိခဲ့မှု**



**ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူများကို တရားခံနှင့်အတူ သိမ်းဆည်းရမိခဲ့မှု**



**မိုးညှင်းမြို့နယ်၌ ငွေကျပ် သိန်း ၅,၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများကို တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့မှု**

ဆေးခြောက် ၅၁.၆၁၈၃ ကီလို၊ ဘိန်းဆီခဲ ၉.၂၈၅ ကီလို၊ အဆင့်နိမ့်ဘိန်း ၀.၀၀၄ ကီလို၊ ဘိန်းစာရွက် ၆၁၂.၁၁၉ ကီလို၊ ဘိန်းစာမှုန့် ၃၀.၁၆၅ ကီလို၊ ဘိန်းစာရည် ၂.၅ လီတာ၊ ကတ်တမင်း ၀.၀၃၇ ကီလို၊ ဒိုင်မီသိုင်းဆာလဖိတ် ၄,၂၀၀ လီတာ၊ အက်စီတုန်း ၃,၀၀၀ လီတာ၊ တော်လူအင်း ၂၀,၃၀၀ လီတာ၊ အီသိုင်းအက်စီတိတ် ၇,၅၀၀ လီတာနှင့် Sulfurous Dichloride ၆,၈၀၀ လီတာ၊ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်းပေါင်း ၃၄၁,၆၉၅.၀၉၃၄ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးနိုင်ခဲ့ပြီး တရားခံ အမျိုးသား ၇၃၆ ဦး၊ အမျိုးသမီး ၁၃၃ ဦး၊ စုစုပေါင်း တရားခံ ၈၆၉ ဦး ဖမ်းဆီးရမိခဲ့။

အထက်ပါဖမ်းဆီးရမိသည့် တရားခံများအား သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းပေးခဲ့ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များပူးပေါင်း၍ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၆-၁-၂၀၂၂)**

- **ဒီဇင်ဘာလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၃၄၁,၆၉၅.၀၉၃၄ တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ တရားခံ ၈၆၉ ဦးအား ဖမ်းဆီးရမိခဲ့။**

# တရားမဝင်ကုန်ပစ္စည်းများဖမ်းဆီးရမိ



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ-

- ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု ၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇.၇၇၅ သန်းခန့်နှင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု ၃ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ်ပေါင်း ၂၁၈.၅၈၁ သန်းခန့်၊ ဖမ်းဆီးရမိမှု စုစုပေါင်း ၄ မှု၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆.၃၅၆ သန်းခန့်အားလည်းကောင်း၊
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်တွင် မူဆယ်မြို့၊ နန်းတော်စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိမှု ၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀,၀၀၀ ကျပ်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအဝင်၌ ဖမ်းဆီးရမိမှု ၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄,၀၀၀ ကျပ်၊ အဆိုပါဖမ်းဆီးရမိမှုစုစုပေါင်း ၂ မှု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄,၀၀၀ ကျပ်အားလည်းကောင်း၊
- ဇန်နဝါရီလ ၄ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၌ ဖမ်းဆီးရမိမှု ၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄,၉၈၇,၅၇၀ ကျပ်အားလည်းကောင်း အမှုတွဲဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

အဆိုပါ ဖမ်းဆီးရမိမှုစုစုပေါင်း ၃ မှုနှင့်ပတ်သက်၍ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီက ထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၅-၁-၂၀၂၂)**

- **အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်းနှင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု စုစုပေါင်း ၄ မှု၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၆.၃၅၆ သန်းခန့်နှင့် မူဆယ်မြို့၊ နန်းတော်စစ်ဆေးရေးဂိတ်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့၌ ဖမ်းဆီးရမိမှု ၃ မှု၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅,၇၆၁,၅၇၀ ကျပ်တို့အား တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီက အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ။**






**ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပစ္စည်းများ**

---

## ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ဘိန်းစိုက်ခင်း ၂၀၈ ဧက ဖျက်ဆီး





ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် နောင်လိုင်ကျေးရွာအုပ်စုအတွင်းရှိ ဘိန်းစိုက်ခင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မြေခံတပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သွားရောက်ဖျက်ဆီးလျက်ရှိပါသည်။

အဆိုပါ ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့များသည် ဇန်နဝါရီလ ၄ ရက်တွင် နောင်လိုင်ကျေးရွာအုပ်စု ပန်ခတ်ကျေးရွာ၏ အနောက်ဘက် ၅ ဖာလုံခန့်အကွာ အမြင့် ၃ ပေခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ၁၂ ဧကကိုလည်းကောင်း၊ ပန်ကုလားကျေးရွာ၏ အနောက်မြောက်ဘက် ၂ ဖာလုံခန့်အကွာ အမြင့် ၃ ပေခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ၈ ကေကိုလည်းကောင်း၊ ဒုံလိတန်ကျေးရွာ၏ အနောက်တောင်ဘက် ၁ မိုင်ခန့်အကွာ အမြင့် ၃ ပေရှိ သီးပွင့်ဆဲဘိန်းခင်း ၄ ဧက ကိုလည်းကောင်း၊ ထီတန်းလိတ်ကျေးရွာ၏ အရှေ့ဘက် ၁ မိုင်ခန့်အကွာ အမြင့် ၃ ပေ ခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ၁၄ ဧကကိုလည်းကောင်း၊ လိုင်းကလကျေးရွာ၏ အရှေ့မြောက်ဘက် ၁ မိုင်ခန့်အကွာ အမြင့် ၃ ပေ ခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ၃ ဧကကိုလည်းကောင်း၊ ထီဆွေးကျေးရွာ၏ အနောက်တောင်ဘက် ၁ မိုင်ခန့်အကွာ အမြင့် ၃ ပေခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ၁ ဧကကိုလည်းကောင်း စုစုပေါင်း ၄၂ ဧကကို ပူးပေါင်းအဖွဲ့များက သွားရောက်ဖျက်ဆီးခဲ့ကြပြီး ဟိုပုံးမြို့နယ်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက် မှ ၃၁ ရက်အထိ ဘိန်းစိုက်ခင်း ၂၀၈ ဧက ကို ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၆-၁-၂၀၂၂)**

## ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ဘိန်းစိုက်ခင်းများကို ပူးပေါင်းအဖွဲ့များက သွားရောက်ဖျက်ဆီးနေသည့် မှတ်တမ်းဓာတ်ပုံများ





ပူးပေါင်းအဖွဲ့များက သွားရောက်ဖျက်ဆီးနေစဉ်





ပူးပေါင်းအဖွဲ့များက သွားရောက်ဖျက်ဆီးပြီး မှတ်တမ်းဓာတ်ပုံများ

- ရှမ်းပြည်နယ် (တောင်ပိုင်း) ပန်ခတ်ကျေးရွာ၏ အနောက်ဘက်ရှိ ဘိန်းခင်း ၁၂ ကေ၊ ပန်ကုလားကျေးရွာ၏ အနောက်မြောက်ဘက်ရှိ ဘိန်းခင်း ၈ ကေ၊ ဒုံလိတန်ကျေးရွာ၏ အနောက်တောင်ဘက်ရှိ ဘိန်းခင်း ၄ ကေ၊ ထီတန်းလိတ်ကျေးရွာ၏ အရှေ့ဘက်ရှိ ဘိန်းခင်း ၁၄ ကေနှင့် လိုင်းကလိကျေးရွာ၏ အရှေ့မြောက်ဘက်ရှိ ဘိန်းခင်း ၃ ကေ၊ ထီဆွေးကျေးရွာ၏ အနောက်တောင်ဘက်ရှိ ဘိန်းခင်း ၁ ကေ စုစုပေါင်း ၄၂ ကေကို ဇန်နဝါရီလ ၄ ရက်နေ့တွင် ပူးပေါင်းအဖွဲ့များက သွားရောက်ဖျက်ဆီးခဲ့ကြပြီး ဟိုပုံးမြို့နယ်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှ ၃၁ ရက်အထိ ဘိန်းစိုက်ခင်း ၂၀၈ ကေကို ဖျက်ဆီးခဲ့။

# မြိုင်မြို့နယ်၊ စိုကန်ကျေးရွာရှိ “စိုကန်”ဘုန်းကြီးကျောင်းဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ကာ ဘုန်းကြီးကျောင်းပိုင် မော်တော်ယာဉ်အား ဖောက်ခွဲဖျက်ဆီး



**အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် စိုကန်ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ မော်တော်ယာဉ်တစ်စီး ကျည်ထိမှန်ပျက်စီးနေမှု**

ဇန်နဝါရီလ ၃ ရက်တွင် မြိုင်မြို့နယ်၊ စိုကန်ကျေးရွာရှိ “စိုကန်” ဘုန်းကြီးကျောင်းဝင်း သိမ်ကျောင်းအတွင်း၌ ကျောင်းထိုင်ဆရာတော် ဦးဥက္ကဋ္ဌနိက သက်တော် (၄၄)နှစ် (၂၁)ဝါသည် ကျောင်းနေသံဃာ ၄ ပါး၊ အာဂန္တုဆရာတော် ၁ ပါး၊ စိုကန်ကျေးရွာနေ မောင်ထွေးလင်း (၂၇)နှစ်တို့နှင့်အတူရှိနေစဉ် မြိုင်-ကမ္ဘကားလမ်းအတိုင်း ဆိုင်ကယ်များမောင်းနှင်လာသည့် PDF အမည်ခံအကြမ်းဖက်သမား ၂၀ ဦးခန့်သည် သေနတ်များကိုယ်စီ ကိုင်ဆောင်ထားပြီး ဘုန်းကြီးကျောင်းဝင်းအတွင်းသို့ ဆဲဆိုအော်ဟစ်ဝင်ရောက်လာစဉ် ကျောင်းထိုင်ဆရာတော်သည် ကိုရင်ငယ်လေးများအား ခေါ်ဆောင်ကာ အကြမ်းဖက်သမားများ၏ ဘေးအန္တရာယ်မှလွတ်မြောက်နိုင်ရေးထွက်ပြေးတိမ်းရှောင်ခဲ့ပါသည်။

အကြမ်းဖက်သမားများသည် ကျောင်းဝင်းအတွင်း ဝင်ရောက်လာပြီး ကျောင်းတိုက်ဘေးတွင် ရပ်တန့်ထားသည့် ဘုန်းကြီးကျောင်းပိုင် MARK II မော်တော်ယာဉ်တစ်စီးအား သေနတ်များဖြင့်ပစ်ခတ်ပြီး လက်လုပ်မိုင်း ၂ လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သော်လည်း လက်လုပ်မိုင်း ၂ လုံးမှာ ပေါက်ကွဲခဲ့ခြင်းမရှိခဲ့သဖြင့် သိမ်ကျောင်းအတွင်း ထပ်မံဝင်ရောက်၍ အာဂန္တုဆရာတော်ထံမှ လက်ကိုင်ဖုန်း ၂ လုံးအား လုယက်ယူဆောင်ကာ မြိုင်-ကမ္ဘကားလမ်းအတိုင်း ဆိုင်ကယ်များဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

အကြမ်းဖက်သမားများ၏ သေနတ်ဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှုကြောင့် ဘုန်းကြီးကျောင်းပိုင် MARK II မော်တော်ယာဉ်၏ ယာဘက်နောက်ဘီး အပေါ်ကိုယ်ထည်၌ ကျည် ၂ ချက်ထိမှန်ပျက်စီးခဲ့ပြီး ယာဉ်၏ဝဲဘက်အခြမ်း မြေကြီးပေါ်၌ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း ၂ လုံးအား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲရှင်းလင်းခဲ့ပါသည်။

PDF အကြမ်းဖက်အဖွဲ့များက အေးချမ်းစွာနေထိုင်သည့်ပြည်သူများကို အကြမ်းဖက်တိုက်ခိုက်ခြင်းများ၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် မြို့နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ ဘုန်းတော်ကြီးကျောင်းများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ လုယက်ဖျက်ဆီးခြင်းများအား ဆက်တိုက်ပြုလုပ်လျက်ရှိပါသည်။ ၎င်းတို့လုပ်ရပ်များသည် မြန်မာပြည်သူလူထုအများစုကိုးကွယ်ရာ ဘာသာ/သာသနာအား တိုက်ခိုက်သည့် ရိုင်းစိုင်းယုတ်မာသောလုပ်ရပ်များဖြစ်၍ ပြည်သူများက ပြစ်တင်ရှုတ်ချလျက်ရှိသည့်အပြင် နိုင်ငံတကာအနေဖြင့်လည်း အကြမ်းဖက်လုပ်ရပ်များအား ဝိုင်းဝန်းဆန့်ကျင်ကြရန် လိုလားလျက်ရှိပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်ရန်ပြုမည်ကို စိုးရွံ့၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ကျောင်းထိုင်ဆရာတော်နှင့် ကိုရင်(၃)ပါးတို့အား ပြန်လည်ရှာဖွေကာ အာဂန္တုဆရာတော်နှင့်အတူ လုံခြုံစိတ်ချရသည့်နေရာသို့ ပင့်ဆောင်သီတင်းသုံးစေလျက်ရှိပြီး ဘုန်းကြီးကျောင်းအတွင်းဝင်ရောက်ကာ ဖျက်ဆီးကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁-၂၀၂၂)**





မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း ၂ လုံး မှတ်တမ်းဓာတ်ပုံ

- အကြမ်းဖက်သမားများသည် ဘုန်းကြီးကျောင်းပိုင် MARK II မော်တော်ယာဉ်တစ်စီးအား သေနတ်များဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ရာတွင် ကား၏ယာဘက်နောက်ဘီး အပေါ်ကိုယ်ထည်၌ ကျည် ၂ ချက်ထိမှန် ပျက်စီးခဲ့။
- အကြမ်းဖက်သမားများသည် သိမ်ကျောင်းအတွင်းထပ်မံဝင်ရောက်၍ အာဂန္တုဆရာတော်ထံမှ လက်ကိုင်ဖုန်း ၂ လုံးအား လုယက်ယူဆောင်ကာ မြိုင်-ကမ္မ ကားလမ်းအတိုင်း ဆိုင်ကယ်များဖြင့် ပြန်လည်ထွက်ခွာသွားခဲ့။
- PDF အကြမ်းဖက်သမားများ၏လုပ်ရပ်များသည် မြန်မာပြည်သူလူထုအများစု ကိုးကွယ်ရာ ဘာသာ/သာသနာအားတိုက်ခိုက်သည့် ရိုင်းစိုင်းယုတ်မာသောလုပ်ရပ်များဖြစ်၍ ပြည်သူများက ပြစ်တင်ရှုတ်ချလျက်ရှိသည့်အပြင် နိုင်ငံတကာအနေဖြင့်လည်း အကြမ်းဖက်လုပ်ရပ်များအား ဝိုင်းဝန်းဆန့်ကျင်ကြရန် လိုလားလျက်ရှိ။